ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ညောင်ဦးမြို့နယ်

လူထုဗဟိုပြုစီမံကိန်း

National Community Driven Development Project



(NCDDP)

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)

ထီးပုအုပ်စု၊ကြို့ပင်သာကျေးရွာ

၂၀၁၇-ခုနှစ် ညောင်ဦးမြို့နယ်

## မာတိကာ


၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာမြေပုံ(တည်နေရာ)

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ ကျေးရွာအချက်အလက်(ပုံစံ-၁)

၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)


၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)

၁၁။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း(ပုံစံ-၄)


၁၂။ အစည်းအဝေးမှတ်တမ်းများ

၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ညောင်ဦးမြို့နယ်လူထုဗဟိုပြု စီမံကိန်း



# ထီးပု ကျေးရွာ အုပ်စု



မ
မုန်တော
ကြို့ပင်သာ
ရွာလု
ကောင်းညို
ဖြူထွား
ဆင်လူးအိုင်
ဒဟတ်ကန်
ထီးပု
ဂျမ်းလို
ရည်ညွှန်းချက်
ကျေးရွာ အုပ်စု
ကျေးရွာ
ကားလမ်း
အုပ်စု နယ်နိမိတ်

# ထီးပု အုပ်စု တွင်ပါဝင်သော ကျေးရွာများ စာရင်း

၁။ ထီးပု

၂။ ကြို့ပင်သာ

၃။ ကောင်းညို

၄။ မှန်တော

၅။ ရွာလု

၆။ ဆင်လူးအိုင်

၇။ ဖြူထွား

၈။ ဂျမ်းလှီး

၉။ ဒဟာတ်ကန်

# ကျေးရွာ သမိုင်းကြောင်း

ကျေးရွာ အမည် = ကြို့ပင်သာ　　　အုပ်စု အမည် = ထီးပု　　　ရက်စွဲ ။ ၂၄.၁၂.၂၀၁၆


| စဉ် | ခုနှစ် | အကြောင်းအရာ | အကျိုးသက်ရောက် | | ဖြေရှင်းပုံ |
|---|---|---|---|---|---|
| | | | ဆိုးကျိုး | ကောင်းကျိုး | |
| ၁ | ၁၂၉၉ | ရွာဦးဘုန်းကြီးကျောင်းတည်ဆောက် | | ထည်ဂါခန့်ညားသော ဘုန်းတော်ကြီးကျောင်း | ရွာလူထု အဓိက ပူးပေါင်းပါဝင် တည်ဆောက် |
| ၂ | ၁၃၂၉ | သောက်သုံးရေ ရှားပါးမှု၊ မိုးခေါင်မှု | ကျန်းမာရေးထိခိုက်၊အခြား ရွာများသို့ရေသွားသယ်ရ အသီးအနှံများအထွက်နည်း | | ဆည်ဆောက်လုပ်ခြင်း |
| ၃ | ၁၃၃၀ | ဆည်တည် | | သောက်သုံးရေလုံလောက် အချိန်ကုန်သက်သာ | အစိုးရနှင့်ရွာလူထုလုပ်အားစုပေါင်း တည်ဆောက် |
| ၄ | ၁၃၃၀ | ဆည်ပေါက် | ရေမလုံလောက်၊ဆည် အောက်မှယာများအသီးအ နှံဆုံးရှုံး(ရေတိုက်စား) | | ရွာလူထု လုပ်အားဖြင့် ပြန်လည် ပြုပြင် |
| ၅ | ၁၃၇၇ | လေကြီး မိုးကြီး | ရွာဦးစေတီပြိုကျ | | ရွာလူထုစုပေါင်း၍ ပြန်လည် မွမ်းမံပြင်ဆင် |

# ကျေးရွာ သမိုင်းကြောင်း သုံးသပ်ချက်

ကြို့ပင်သာကျေးရွာ ထိုးပု အုပ်စု ရက်စွဲ ၊ ၂၄.၁၂.၂၀၁၆

ကြို့ပင်သာ ကျေးရွာသည် ၁၂၉၉ ခုနှစ်တွင် ရွာဦးဘုန်းကြီးကျောင်း တည်ဆောက်ခဲ့ရာတွင် ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ဆောက်လုပ်ခဲ့ပါသည် ။ ၁၃၂၉ ခုနှစ်သည် သောက်သုံးရေး ရှားပါးမှု မိုးခေါင်မှုများနှင့် ကြုံတွေ့ခဲ့ရသောကြောင့် တစ်ခြားရွာများသို့ ရေသွားသယ်ရပါသည် ။ ကျန်းမာရေး လည်း ထိခိုက်ခဲ့ရပါသည် ။ စိုက်ပျိုးသီးနှံများလည်း အထွက်နည်းသော နှစ်ဖြစ်ပါသည် ။ ထို့ကြောင့် ဆည်တည်ဆောက်လုပ်ရန် တိုင်ပင်ဆွေးနွေးခဲ့သည်ကြသည်ဟု သုံးသပ်မိပါသည် ။ ၁၃၃၀ ခုနှစ်တွင် ဆည်တည်ဆောက်လုပ် ခဲ့ပါသည် ။ ဆည်ဆောက်လုပ်သောကြောင့် သောက်သုံးရေ လုံလောက်စွာ ရရှိခဲ့ပြီး အချိန် ၊ လုပ်ပင်ပန်းမှုကို သက်သာရာ ရခဲ့သည်ဟု သုံးသပ်မိပါသည် ။ ဆည်တည်ဆောက်ရာတွင် အစိုးရနှင့် ရွာလူထု ပူးပေါင်း လုပ်ဆောင်ခဲ့သည်ဟု တွေ့ရှိရပါသည် ။ ထိုနှစ်မှာပင် ဆည်ပေါက်သွားသော ကြောင့် ရေမလုံလောက် ၊ ဆည်အောက်ရှိ လယ်ယာများ ရေတိုက်စားမှုကြောင့် စိုက်ပျိုးသီးနှံများ ဆုံးရှုံး ခဲ့ရပါသည် ။ ထို့ကြောင့် ရွာလူထု လုပ်အားဖြင့် ပြန်လည် ပြုပြင်ခဲ့သည်ကို သိရှိခဲ့ပါသည် ။ ၁၃၇၇ ခုနှစ် တွင် သဘာဝ ဘေးအန္တရာယ် လေကြီး ၊ မိုးကြီး ကျရောက်ခဲ့ရပါသည် ။ ရွာဦးစေတီ ပြိုကျသည်အထိ ဆိုးကျိုးများ ကျရောက်ခဲ့ပါသည် ။ ရွာလူထု ပူးပေါင်း၍ ပြန်လည် မွမ်းမံ ပြင်ဆင်ခဲ့သည်ကို တွေ့ရှိပါသည်။ ကြို့ပင်သာ ကျေးရွာ၏ သမိုင်းကြောင်း ဖြေရှင်းပုံများကို ကြည့်လိုက်ခြင်းအားဖြင့် ကျေးရွာလူထုများ ပူးပေါင်းပါဝင် လုပ်ဆောင်ခဲ့ကြသည်ကို တွေ့ရှိရသောကြောင့် ကျေးရွာသည် လွန်ခဲ့သော နှစ်များစွာ ကတည်းက ကျေးရွာ၏ ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် စုပေါင်း တက်ကြွစွာ လုပ်ဆောင်ခဲ့ကြသည်ဟု သုံးသပ်မိပါသည် ။ အချုပ်အားဖြင့်ဆိုရသော် ကျေးရွာလူထုသည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ၊

ပြန်လည်ထူထောင်ရေး  လုပ်ငန်းများကို ကျေးရွာလူထုများ စုပေါင်း၍ ကိုယ်ထူ ကိုယ်ထ  လုပ်ဆောင်ခဲ့ကြသည်ဟု သုံးသပ်မိပါသည် ။




# လူမှုရေး/အရင်းအမြစ်ပြ မြေပုံ သုံးသပ်ချက်

ကြို့ပင်သာကျေးရွာ　　　　ထီးပု အုပ်စု　　　　ရက်စွဲ ၊ ၂၄.၁၂.၂၀၁၄

ကြို့ပင်သာကျေးရွာ လူမှုရေး / အရင်းအမြစ်ပြမြေပုံကို သုံးသပ်ခြင်းအားဖြင့် ကျေးရွာတွင် အိမ်ထောင်စုပေါင်း ( ၁၁၈ ) ရှိကြောင်း သိရပါသည်။ သို့သော် ရွာထဲတွင် အားလုံးနေထိုင်မှု မရှိကြဘဲ ယာတော ၊ ထန်းတောများတွင် ထန်းသမားများ နေထိုင်ကြောင်း သိရှိရပါသည်။ ကျေးရွာ၏ အရှေ့ဘက်ပိုင်းတွင် ရေကန် ၊ စက်ရေတွင်း ၊ ယာတော ၊ ထန်းတော ၊ တဲစုလေးများ နှင့် သဲချောင်းများတည်ရှိပါသည်။ တောင်ဘက်ပိုင်းတွင် ဘုန်းကြီးကျောင်း ၊ စေတီ ၊ မူလွန်ကျောင်း ၊ ယာတော ၊ ထန်းတောများနှင့် ဗျတ္တလမ်းများကို တွေ့ရှိရပါသည် ။ အနောက်ဘက်ပိုင်းတွင် မကျည်းပင်ကြီးများနှင့် သုသာန် တည်ရှိပါသည်။ မြောက်ပိုင်းတွင် ယာတော ထန်းတောများ တွေ့ရှိရပါသည် ။ သဘာဝ အရင်းအမြစ်များ အနေဖြင့် ယာခင်းများ ၊ ထန်းပင် နှင့် မကျည်းပင်များ တွေ့ရှိရသောကြောင့် စီးပွားရေးတွင် လယ်ယာစိုက်ပျိုးခြင်း ထန်းတက်သောအလုပ် ၊ မကျည်းရွက် ၊ သီးများကို လုပ်ကိုင် စားသောက်နိုင်ကြောင်းကို သုံးသပ်မိပါသည် ။ ရွာ၏ အရှေ့ဘက်ပိုင်းတွင် သဲချောင်းရှိသည်ကို တွေ့ရှိရပါသည် ။ ထိုသဲချောင်းမှ သဲများကို ရွာသားများ သုံးချနိုင်ကြောင်း သုံးသပ်မိပါသည် ။ ကျေးရွာ၏ လူမှုရေး / အရင်းအမြစ်ပြမြေပုံကိုဆွဲခြင်း အားဖြင့် ကျေးရွာသူ/သားများသည် ကျေးရွာ၏ လိုအပ်ချက်များ ၊ လက်ရှိအခြေအနေနှင့် ကျေးရွာတွင် ရှိနေပြီးဖြစ်သော သဘာဝအရင်းအမြစ်များကို သိရှိလာကြပါသည်။ အချုပ်အားဖြင့်ဆိုရသော် ကျေးရွာတွင် မီးမရရှိခြင်း ၊ သောက်သုံးရေ ခက်ခဲခြင်း ၊ အလုပ်အကိုင် ရှားပါးနေခြင်း နှင့် ဂင်ငွေ နည်းပါးနေခြင်း များ လိုအပ်နေသည်ဟု သုံးသပ်မိပါသည် ။

# အဖွဲ့အစည်း ချိတ်ဆက်ပြ ဇန်းကားချပ်

ကြို့ပင်သာကျေးရွာ　　　　ထီးပု အုပ်စု　　　　ရက်စွဲ ၊ ၂၅.၁၂.၂၀၁၆




ပါဝင်ဆွေးနွေးသူများ - ဦးကျော်ဝင်း ၊ ဦးမောင်ကံ ၊ ဦးဝင်းကျင် ၊ ဒေါ်သန်းသန်းစိုး ၊ ဒေါ်သင်းမိုက် ၊

# အဖွဲ့အစည်း ချိတ်ဆက်ပြ ဇန်းကားချပ် သုံးသပ်ချက်

ကြို့ပင်သာကျေးရွာ　　　　ထီးပု အုပ်စု　　　　ရက်စွဲ ၊ ၂၅.၁၂.၂၀၁၆

ကြို့ပင်သာကျေးရွာအတွင်းတည်ရှိနေသောအဖွဲ့များ နှင့် ချိတ်ဆက်နေသောအဖွဲ့ များတွင် စက်ဝိုင်းများသည် အကြီး ၊ အလတ် ၊ အသေး ကွဲပြားခြားနားနေသည်ကို တွေ့ရှိရပါသည် ။ စက်ဝိုင်းများသည် ကျေးရွာ၏ သြဇာပါဝါ ရရှိမှုကို ကိုယ်စားပြုသည်ဟု ကျေးရွာလူထုနှင့် ဆွေးနွေးခဲ့ပါသည် ။ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်တကွ ဆယ်အိမ်မှူးအဖွဲ့များ ၊ ဘုရားဂေါပက အဖွဲ့ ၊ ကျောင်းကော်မတီ အဖွဲ့များသည် ကျေးရွာတွင် သြဇာကြီးသော အဖွဲ့များဖြစ်ကြသည်ကို တွေ့ရှိရပြီး ရေကော်မတီ ၊ ဆယ်ကော်မတီ ၊ အမျိုးသား အဖွဲ့ နှင့် အမျိုးသမီးအဖွဲ့ များသည် အသင့်အတင့်ရှိနေသည်ကို တွေ့ရှိရပါသည် ။ ပရဟိတ အဖွဲ့များလည်း ရှိနေသည်ကို တွေ့ရှိရပါသည် ။ ထို့ကြောင့် ကျေးရွာသည် စည်းလုံးညီညွတ်မှု ရှိနေသည်ကို တွေ့ရှိရပြီး ကျေးရွာသည် ပူးပေါင်း ပါဝင်မှုတွင်လည်း တက်ကြွစွာ လုပ်ကိုင် နေကြသည်ဟု သုံးသပ်မိပါသည် ။ ကျေးရွာအတွင်းရှိ အဖွဲ့များ အားလုံးသည် ကျေးရွာ အုပ်ချုပ်ရေးမှူး နှင့် ချိတ်ဆက်နေသည်ကိုလည်း တွေ့ရှိရသောကြောင့် စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်း ပါဝင်မှုများ အပြင် ကျေးရွာ၏ ဖွံ့ဖြိုးရေး လုပ်ငန်းများ တွင်လည်း စုပေါင်း တိုင်ပင် ဆွေးနွေးကြသည်ဟု သုံးသပ်မိပါသည် ။ ကျေးရွာ၏ အဖွဲ့အစည်း ချိတ်ဆက်ပြ ဇန်းကားချပ်အား ဆွဲလိုက်ခြင်းအားဖြင့် ရွာတွင် လက်ရှိတည်ရှိနေသော အဖွဲ့အစည်းများ သိရှိလာခြင်း ၊ ပါဝါရှိသော အဖွဲ့များနှင့် ချိတ်ဆက် နေသော အဖွဲ့များ ကိုလည်း သိရှိလာကြောင်း သုံး သပ်မိပါသည် ။ အချုပ်အား ဖြင့်ဆိုရသော် ကျေးရွာသည် စုပေါင်းပြီး စည်းလုံးညီညွတ်မှုများ နှင့် ဆွေးနွေးတိုင်ပင် လုပ်ဆောင်ကြသည်ကို တွေ့ရှိ ရပါသည် ။

# ရာသီခွင်ပြ ပြက္ခဒိန်

ကျေးရွာ အမည် = ကြို့ပင်သာ　　　　အုပ်စု အမည် = ထီးပု　　　　ရက်စွဲ ။ ၂၅.၁၂.၂၀၁၆

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ပွဲတော်ရက် | ★ | ★ | | ★ | | | ★★★ | ★ | | | | ★ |
| မိုးရွာချိန် | | ★ | ★★ | ★ | ★ | ★★★ | | | | | | |
| လမ်းပန်းဆက်သွယ်ရေး | | | | ★ | ★ | ★★ | ★★★ | | | | | |
| စိုက်ပျိုးချိန် | | ★★ | ★★★ | ★ | ★ | ★ | | | | | | |
| ရိတ်သိမ်းချိန် | | | | | | | | ★★★ | ★ | ★★★ | | |
| ထန်းတက်ချိန် | ★★★ | ★★ | ★★ | ★ | | | | | | ★ | ★ | ★★ |
| ဝင်ငွေ | | | | | | | | ★ | ★★ | | | |
| ကျန်းမာရေး | ★★ | ★ | | | | ★★ | ★★★ | | | | | |
| ရေရှားပါးချိန် | ★★ | ★ | | | | | | | | ★ | ★★ | ★★★ |

ပါဝင်ဆွေးနွေးသူများ = ဦးပိုက်ထွေး ၊ ဒေါ်သင်းသင်းထွေး ၊ ဒေါ်မြနှင်း ၊ ဒေါ်ထူး ၊ ဦးခင်မောင်မြင့် ၊ ဦးဝင်းစိုး

# ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်


ကြို့ပင်သာကျေးရွာ | ထီးပု အုပ်စု | ရက်စွဲ ၊ ၂၅.၁၂.၂၀၁၄

ကြို့ပင်သာကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်းအား သုံးသပ်ရာတွင် ကျေးရွာတွင် သီတင်းကျွတ်လသည် ရွာ၏ အစည်ကားဆုံး ဘုရားပွဲတော်ဖြစ်ပါသည်။ ကျန်လများတွင်လည်း ပွဲတော် ၊ အလှူပွဲများ ၊ ပဌာန်း ပွဲတော်များ အနည်းငယ် ရှိနေသည်ကို သိရပါသည် ။ ကဆုန်လတွင် မိုးစတင်ရွာသွန်းပြီး တော်သလင်းလသည် မိုးအများဆုံး ရွာသွန်းသောလ ဖြစ်ပါသည် ။ ဂါဆိုလတွင် မိုးများ ရွာနေသောကြောင့် လမ်းပန်း ဆက်သွယ်ရေး အနည်းငယ် ဆိုးနေပြီး သီတင်းကျွတ်လသည် လမ်းပန်းဆက်သွယ်ရေး အဆိုးဆုံးလ ဖြစ်သည်ဟု သုံးသပ်မိပါသည် ။ ကဆုန်လ နှင့် နယုန်လ များတွင် မိုးရွာသွန်းချိန်ဖြစ်သောကြောင့် စိုက်ပျိုးရေး အတွက် လုပ်ကိုင်ချိန် ဖြစ်သည်ကို တွေ့ရှိရပြီး တန်ဆောင်မုန်းလ နှင့် ပြာသိုလများသည် သီးနှံများ ရိတ်သိမ်းချိန် ဖြစ်မည်ဟု သုံးသပ်မိပါသည် ။ ပြာသိုလတွင်ထန်းစတက်ချိန် ဖြစ်၍ တန်ခူး ၊ ကဆုန် လများသည် ထန်းတက်ချိန် အများဆုံး ဖြစ်ပြီး ဂါဆိုလတွင် ထန်းသိမ်းချိန်အဖြစ်တွေ့ရှိရပါသည် ။ သီးနှံများ ရိတ်သိမ်းချိန် ဖြစ်သော နတ်တော်လတွင် ဂငွေ ရှိသော်လည်း ကျန်လများတွင် ဂငွေ နည်းပါးနေသည်ကို တွေ့ရှိရပါသည် ။ ကျန်းမာရေးမကောင်းသော ၊ ဖြစ်တတ်သောလများမှာ သီတင်းကျွတ်လတွင် အများဆုံး ဖြစ်ပြီး ကဆုန်လ ၊ တန်ခူးလနှင့်တော်သလင်းလများတွင် အနည်းငယ်ဖြစ်တတ်သည်ကို သုံးသပ်မိပါသည် ။ ရေရှားပါးချိန်လများမှာ ပြာသိုလမှ စတင်ပြီး တပို့တွဲလ ၊ တပေါင်းလ နှင့် တန်ခူးလများသည် ရေအရှားဆုံး လများဖြစ်သည်ကိုလည်း သုံးသပ်မိပါသည် ။ ကျန်လများတွင် မိုးရွာသွန်းသောကြောင့် အနည်းငယ်ရေရှိနေပါသည်။ ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်အား ဆွဲလိုက်ခြင်းအားဖြင့် ကျေးရွာသူ / သားများသည် ဆယ့်နှစ်ရာသီကာလပတ်လုံး လုပ်ကိုင် ဆောင်ရွက်နေသောအကြောင်းအရာများ သိရှိ လာသည်ဟု သုံးသပ်မိပါသည် ။ အချုပ်အားဖြင့် ဆိုရသော် ကျေးရွာတွင် ပွဲတော်ရက် နှင့် ကျန်းမာရေး အများဆုံးဖြစ်သော သီတင်းကျွတ်လ ၊ ထန်းတက်ချိန် အများဆုံးဖြစ်သော တန်ခူးလ နှင့် စိုက်ပျိုးချိန် နှင့် ရိတ်သိမ်းချိန်အများဆုံး ဖြစ်သော နယုန်လ ၊ တန်ဆောင်မုန်းလ နှင့် ပြာသိုလများတွင်

ကျေးရွာလူထု မအားလပ်သော လများ ဖြစ်သည်ဟု သုံးသပ်မိပါသည် ။ ထို့ကြောင့် အစည်းအဝေးများ ၊ လုပ်ငန်းများ ပြုလုပ်ရာတွင် မည်သည့်လများ၌ လုပ်သင့်သည်ကိုသိရှိလာနိုင်ကြောင်း သုံးသပ်မိပါသည် ။

# ကျား၊မ ရေးရာပင့်ကူအိမ် နှိုင်းယှဉ်ခြင်း

ကြို့ပင်သာကျေးရွာ ထီးပုအုပ်စု ရက်စွဲ ၊ ၂၅.၁၂.၂၀၁၅



## ကျား/မ ရေးရာ ပင့်ကူအိမ်   သုံးသပ်ချက်

ကြို့ပင်သာကျေးရွာ                    ထီးပု အုပ်စု                    ရက်စွဲ ၊၂၅,၁၂.၂၀၁၆


ကြို့ပင်သာကျေးရွာ၏ ကျား/မ ရေးရာ ပင့်ကူအိမ်အား သုံးသပ်ခြင်းအားဖြင့် အိမ်မှုကိစ္စတွင် အမျိုးသမီးများသည် အပြည့်အဝ ဆွေးနွေးထားကြပြီး အမျိုးသားများသည် အဆင့်(၁) တွင် ရှိနေပါသည်။ ကျန်းမာရေးတွင် အမျိုးသမီးများသည်  အမျိုးသားများအောက် အဆင့် ( ၃ ) အထိ ရောက်ရှိနေပြီး အမျိုးသားများသည် သွားလာရေး လွယ်ကူသော်လည်း အမျိုးသမီးများသည် မလွယ်ကူသောကြောင့်ဟု သုံးသပ်မိပါသည် ။ ဆုံးဖြတ်ချက်ချနိုင်မှုမှာ အမျိုးသားများသည် အဆင့် ( ၉ ) အထိ ရှိနေပြီး အမျိုးသမီးများမှာမူ အဆင့် ( ၄ ) တွင်သာ ရှိနေသည်ကို တွေ့ရှိရပါသည် ။  ပညာရေးတွင် အမျိုးသမီး ၊ အမျိုးသား တူညီနေသောကြောင့် မျှတစွာ တွေ့ရှိရပါသည် ။ ဝင်ငွေရရှိမှုတွင် အမျိုးသားက အမျိုးသမီးများထက် ( ၁ ) ဆင့်သာနေသည်ကို တွေ့ရှိရပါသည် ။  အလုပ်အကိုင် အခွင့်အလမ်းရရှိမှုတွင် အမျိုးသားများက ပိုများနေပြီး အမျိုးသမီးများက အိမ်မှုကိစ္စတွင် အလုပ်များနေသောကြောင့် ဖြစ်ပါသည် ။ အမျိုးသမီးများ၏ ဝင်ငွေရရှိမှုမှာ  အမျိုးသားများအောက် အဆင့် ( ၂ ) အထိ  ရောက်ရှိနေပြီး  အမျိုးသားများက ဝင်ငွေပိုပြီး ရရှိနေသည့် အနေအထားတွေ့ရပါသည် ။  ထို့ကြောင့် အမျိုးသမီးများအတွက် အိမ်တွင်း အလုပ်အကိုင် အခွင့်အလမ်းများ ရရှိအောင် ဆောင်ရွက်ရန် လိုအပ်ပါသည် ။ လုံခြုံမှုတွင်လည်း အမျိုးသားများက တစ်ဆင့်သာနေသည်ကို သုံးသပ်မိပါသည် ။ ပူးပေါင်း ဆောင်ရွက်မှု အပိုင်းတွင်လည်း အမျိုးသားများကသာ အမျိုးသမီးထက်အဆင့်( ၄ ) ဆင့်အထိ သာနေသည်ကို တွေ့ရှိရပါသောကြောင့် အမျိုးသားများ အနေဖြင့် အမျိုးသမီးများကို  ပူးပေါင်း ပါဝင်ရန်  ခေါ်ဆောင်သင့်ပါသည်  ။  ကြို့ပင်သာကျေးရွာ၏  ကျား / မ ရေးရာ ပင့်ကူအိမ်ကို  ဆွဲလိုက်ခြင်းအားဖြင့်  အမျိုးသားနှင့် အမျိုးသမီးတို့၏ ကွာခြားချက်များကို ကျေးရွာလူထုများ ကိုယ်တိုင် သိရှိလာရပါသည် ။  အချုပ်အားဖြင့် ဆိုရသော် မတူညီသော အဆင့်များကိုတူညီအောင် လုပ်ဆောင်ကြပြီး ဖြေးဖြေးချင်း  အဆင့်များ  တက်သွားအောင် ပူးပေါင်းပါဝင် ဆွေးနွေး လုပ်ဆောင်သင့်သည်ဟု သုံးသပ်မိပါသည် ။

( ပြဿနာ သစ်ပင် )

ကြို့ပင်သာကျေးရွာ

သီးပုံဒုပ်ရ

(၂၅-၁၂-၂၀၀၆)



# ပြဿနာ သစ်ပင် သုံးသပ်ချက်

ကြို့ပင်သာကျေးရွာ ထီးပု အုပ်စု ရက်စွဲ ၊၂၅.၁၂.၂၀၁၆

ကြို့ပင်သာ ကျေးရွာ၏ ရေအခက်အခဲ ပြဿနာသစ်ပင်အား သုံးသပ်ခြင်းအားဖြင့် ပြဿနာ၏ အဓိက အကြောင်းအရင်းအမြစ် ဖြစ်သော မိုးနည်းခြင်း ၊ ရေကန်ရေမနေခြင်း ၊ ရေခပ်ချိန်မရခြင်း၊ ရေကို ဂယ်သုံးရခြင်း နှင့် ရေပိုက်လိုင်းများ မရှိခြင်းတို့ကြောင့် ရေအတွက် အခက်အခဲများ ကြုံတွေ့နေရသည်ကို တွေ့ရှိရပါသည် ။ ထိုအကြောင်းအရင်းများကြောင့် စိုက်ပျိုးရေး ခက်ခဲခြင်း၊ ဂင်ငွေနည်းပါးခြင်း ကျန်းမာရေးထိခိုက်ခြင်း၊ စီးပွားရေး ထိခိုက်ခြင်း၊ ပညာရေးကို အချိန်မပေးနိုင်ခြင်း၊ ရေခပ်ချိန် အချိန်ပေးရခြင်း နှင့် ငွေကုန်လူပင်ပန်းခြင်းတို့ကြောင့် အကြောင်းတရား၏ အကျိုးဆက်များ ဖြစ်ပေါ်လာသည်ကို သိရှိရပါသည်။ ထို့ကြောင့် ကျေးရွာတွင် ရေအတွက် လိုအပ်သောဖွံ့ဖြိုးရေး လုပ်ငန်းများမှာ ရေကန်များ တူးဖော်ခြင်း ၊ ရေပိုက်လိုင်းများ သွယ်တန်းခြင်း နှင့် ရေကန်ကို ရေများများ ဂင်အောင် ရေဂင်လမ်းများ ပြုပြင်ခြင်းများ ဆောင်ရွက်ရန် လိုအပ်နေသည်ဟုသုံးသပ်မိပါသည်။ အချုပ်အားဖြင့် ဆိုရသော် ပြဿနာ သစ်ပင် ရေးဆွဲလိုက်ခြင်း အားဖြင့် ကျေးရွာတွင် လိုအပ်ချက်များ နှင့် ကျေးရွာ ဖွံ့ဖြိုးရေး အစီအစဉ် အတွက် ဦးစားပေးလုပ်ငန်းများလည်း သိရှိလာသည်ကို သုံးသပ်မိပါသည်။ ကျေးရွာလူထုအားလုံးလည်း ကျေးရွာ၏ အခက်အခဲများအားလုံးကို ဖြစ်ပေါ်စေသော ဇစ်မြစ်များကို သိရှိလာကြောင်း တွေ့ရှိရပါသည်။

လူထုအခြေပြုပါဝင်သော လူမှုစီးပွားဖွံ့ဖြိုးရေးနှင့် ဘေးအန္တရာယ်လျော့ချရေးလုပ်ငန်း

(PSA / PRA) အသုံးပြုမှု ရလဒ် ကြို့ပင်ကောက်ကျေးရွာ

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | ကျေးရွာလူမှုရေးပြသသည့် အတတ်ပြမြေပုံ (social map/ Resource map) | - | ကျေးရွာသူ ကျေးရွာသားများ ကော်မတီဝင်များ | ၁၅ | ၂၆ | ၄၁ | ကျေးရွာနယ်နိမိတ် အတွင်းရှိ အိမ်ခြေ၊ လယ် မြေ ဧက၊ ဘုရား ပုထိုးများစသည်တို့ကျေးရွာ၏ လက်ရှိအခြေအနေနှင့် ပိုင်ဆိုင်မှုပြ အခြေအနေ များကိုရေးဆွဲဖော်ထုတ် ပါသည်။ |
| ၂။ | ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calender) | | ကျေးရွာသူ ကျေးရွာသားများ ကော်မတီဝင်များ | ၂၅ | ၁၈ | ၄၃ | ရာသီဥတု စိုက်ပျိုးသီးနှံ များ လုပ်ကိုင်သော လုပ်ငန်း များ၊ ရွှေ့ပြောင်း လုပ်ငန်းများ၊ ထင်ရှားသော ပွဲတော်များ |
| ၃။ | ကျေးရွာ၏ ဦးစားပေး အစီအစဉ်ပြ ဇယား (Metric Ranking) | | အမျိုးသားအုပ်စု အမျိုးသမီးအုပ်စု | ၅၀ | ၃၅ | ၈၅ | ကျေးရွာသူ ကျေးရွာသား များ၏ ကျေးရွာအတွက် အဓိကလိုအပ်သော စီမံကိန်း လုပ်ငန်းစဉ်များကို ညှိနှိုင်း တိုင်ပင်ရေးဆွဲခဲ့ကြသည် |

လူထုပါဝင်ဆောင်ရွက်သော လူမှုဘဝဆန်းစစ်ခြင်းနှင့် ဘေးအန္တရာယ်ကြိုတင်လေ့လာခြင်း

(CBSA / PRA) လေ့လာမှု ရလဒ် ကြို့ပင်သာကျေးရွာ

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | ပါဝင်သူ | | | အဓိကတွေ့ရှိချက် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၄။ | အဖွဲ့အစည်း ချိတ်ဆက်မှု (Venn Diagram) | — | ကျေးရွာသူ ကျေးရွာသားများ ကော်မတီဝင်များ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ | ၁၆ | ၂၆ | ၄၂ | ကျေးရွာအတွင်းတွင် ရှိနေသော လူမှုအဖွဲ့အစည်းများ နှင့် ကျေးရွာလူထု အကြား ချိတ်ဆက်နေမှုကို ထင်ရှားမြင်သာ ရှိအောင် ဖော်ဆောင် နိုင်ခဲ့သည်။ |
| ၅။ | လူမှုစီးပွား အဆင့်သတ်မှတ် ခြင်း (Wealth Ranking) | | ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး | ၂၀ | ၃၅ | ၅၅ | ကျေးရွာအတွင်း ရှိလူများ အကြား ငွေကြေး ပစ္စည်း ဥစ္စာ၊ ရေနံဆီ ပိုင်ဆိုင်မှု အဆင့် ခွဲခြားပြသခြင်း ဖြင့် ကျေးရွာအတွက် လိုအပ်မည့် ဝင်ငွေ ရရှိရေး အစီအစဉ် များကို ထည့်သွင်းစဉ်းစားနိုင်ရန် ညှိနှိုင်း ခဲ့ကြသည်။ |
| ၆။ | ပင့်ကူအိမ် ကွန်ယက် (Spider Web) | | ကျေးရွာသူ၊ ကျေးရွာသား များ၊ အမျိုးသား အုပ်စု၊ အမျိုးသမီး အုပ်စု | ၂၅ | ၁၇ | ၄၂ | အမျိုးသား နှင့် အမျိုးသမီး များအကြား အလုပ်အကိုင်အခွင့်အလမ်း၊ တန်းတူအခွင့်အရေး ယှဉ်ပြိုင်နိုင်မှု၊ ဆုံးဖြတ်ပိုင်ခွင့် စသည်တို့အပေါ် အနေအထား ကိုဆွေးနွေး ခဲ့ကြသည်။ |

ထိပုံအုပ်စု

# ဥစ္စာဓန ခွဲခြမ်းစိတ်ဖြာပုံ

ကြို့ပင်သာကျေးရွာ

| စဉ် | အဆင့် | ခွဲခြားသတ်မှတ်ပုံ | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | ပြေလည်သော အုပ်စု | ယာမြေ (၁၀) ဧက အထက်၊ တိုက်အိမ်၊ ကား၊ ဖုန်း၊ ဆိုင်ကယ်၊ နွား (၁၀) ခေါင်း၊ မှန်ကျီး၊ ထွန်း | ၁၅ | ၁၄.၅ % |
| ၂ | အသင့်အတင့် ပြေလည်သော အုပ်စု | ယာမြေ (၅) ဧက အထက်၊ တိုက်အိမ်၊ ဖုန်း၊ ဆိုင်ကယ်၊ မှန်ကျီး၊ နွား၊ ဆိတ်၊ ထွန်း | ၃၀ | ၂၉ % |
| ၃ | မပြေလည်သော အုပ်စု | ယာမြေ (၂) ဧက၊ ဆိုင်ကာသွပ်မိုး၊ ဆိုင်ကယ်၊ ဝက်၊ ဆိတ်၊ ကြက်ဖုန်း | ၁၈ | ၁၇.၅ % |
| ၄ | ဆင်းရဲနွမ်းပါးသော အုပ်စု | လက်လုပ်လက်စား၊ ဓနိမိုး၊ ဝါးကာအိမ် | ၄၀ | ၃၉ % |
| ၅ | ထိလွယ် / ရှလွယ်သော အုပ်စု | သက်ကြီးရွယ်အို၊ သားသမီးမရှိ | ၀ | ၀ % |

# ဓနဥစ္စာ ပိုင်ဆိုင်မှု ပုံစံ သုံးသပ်ချက်

ဓနဥစ္စာပိုင်ဆိုင်မှု ပုံစံ ရေးဆွဲဆွေးနွေးခြင်းကြောင့်

(၁) ကျေးရွာအတွင်း ပြေလည်သော အိမ်ထောင်စု အရေအတွက်၊ အသင့်အတင့် ပြေလည်သော အိမ်ထောင်စု အရေအတွက် နှင့် နွမ်းပါးသော အိမ်ထောင်စု အရေအတွက်ကို အတိအကျ နီးပါး သိနိုင်ခြင်း

(၂) ကျေးရွာလူထုက ပြေလည်သော၊ နွမ်းပါးသော အဆင့်များကို မည်ကဲ့သို့ သတ်မှတ်သည်ကို သိနိုင်ခြင်း

(၃) နွမ်းပါးသော အိမ်ထောင်စု အရေအတွက် များပါးခြင်းကြောင့် ကျေးရွာအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်ရန် သိရှိနိုင်ခြင်း စသည့် အကြောင်းအရာ အမျိုးမျိုးကို သိရှိနိုင်သည့် အရေးပါသော လူမှုဆန်းစစ်ခြင်း တစ်ခုဖြစ်ကြောင်း သုံးသပ်နိုင်ပါသည်။

ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ဆောင်ရွက်မှုမှတ်တမ်း





# ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီများစာရင်း

| စဉ် | အမည် | ရာထူး/တာဝန် | ကျေးရွာ | ဖုန်းနံပါတ် |
|---|---|---|---|---|
| ၁ | ဦးနို | ကျေးရွာ စီ/ထောက် ဥက္ကဋ္ဌ | ကြို့ပင်သာ | 09-455762132 |
| ၂ | ဒေါ်မြင့်ရီ | ကျေးရွာ စီ/ထောက် ဥက္ကဋ္ဌ | 〃 | 09-33859598 |
| ၃ | ဦးရဲအောင် | ဝယ်ယူရေးဆပ်ကော်မတီ ဥက္ကဋ္ဌ | 〃 | 09-792705633 |
| ၄ | ဦးဝါဒူ | မှတ်တမ်းထိန်း | 〃 | 09-33459847 |
| ၅ | ဒေါ်စုနှံဝေ | အဖွဲ့ဝင် | 〃 | 09-767621013 |
| ၆ | ဦးဝေနို | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ | 〃 | 09-410041208 |
| ၇ | ဒေါ်တင်ယုကြ | အဖွဲ့ဝင် | 〃 | 09-264811970 |
| ၈ | ဒေါ်ထွဲဝင်း | အဖွဲ့ဝင် | 〃 | |
| ၉ | ဦးထင်မောင် | လည်ပတ်ထိန်းသိမ်းရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ | 〃 | |
| ၁၀ | ဦးကော်ဝင်း | အဖွဲ့ဝင် | 〃 | |
| ၁၁ | ဒေါ်ငွေ | အဖွဲ့ဝင် | 〃 | 09-787601804 |
| ၁၂ | ဦးပြေအေး | ဝေဖန်အကြံပြုတိုင်ကြားရေး | 〃 | 09-257547098 |
| ၁၃ | ဒေါ်ကြည်ခင် | ဝေဖန်အကြံပြုတိုင်ကြားရေး | 〃 | 09-259030802 |
| ၁၄ | ဦးမင်းအောင် | စေတနာ့ဝန်ထမ်း | 〃 | 09-794801387 |
| ၁၅ | ဒေါ်သင်း II ကြွေ | စေတနာ့ဝန်ထမ်း | 〃 | 09-794789627 |
| ၁၆ | ဦးကျော်ဆန်း | ကျေးရွာစာရင်းကိုင် | 〃 | 09-259609292 |

# ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ ကောက်ခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးကြည်မြင့် | 09-33280520 | ဒေါ်နွယ်နွယ်ဝင်း |

| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| မန္တလေး | ပျော်ဘွယ် | ဆီးပု | ကြို့ပင်သာ |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဗမာ--- | ၁၁၀ | ဘာသာ (၁) ---ဗုဒ္ဓ--- | ၁၁၀ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၈ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၂၅+၂၆ = ၅၁ | | |
| စစ်ဘေးရှောင် | — | | |

| ၅၄၈ | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၂၆၃ | ၂၈၅ |
| လူမျိုးစု (၁) ---ဗမာ--- | | |
| လူမျိုးစု (၂) ------------ | | |
| လူမျိုးစု (၃) ------------ | | |
| အိမ်ထောင်ဦးစီး | ၁၀၀ | ၁၀ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် မူလွတ် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☑ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | **မော်တော်ဆိုင်ကယ်လမ်း** |
| ကျောက်စင်းလမ်း | **မြေသားလမ်း** | လူသွားလမ်း | အခြား ________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ.

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/**မရှိပါ**/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၄င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်---၄---/မသိပါ

(၂) ဤကျေးရွာမှ ၄င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၀၀:၃၀:၀၀--- ထော်လာဂျီ/**မော်တော်ဆိုင်ကယ်**/ခြေလျင်/လှည်း/မော်တော်ဘုတ်/ အခြား ---------------

မိုးရာသီတွင်ကြာချိန်---၀၀:၄၅:၀၀--- ထော်လာဂျီ/**မော်တော်ဆိုင်ကယ်**/ခြေလျင်/လှည်း/မော်တော်ဘုတ်/ အခြား ---------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---၂၀၁၅ ခုနှစ်တွင် ကော်မန်မုန်တိုင်းဒဏ်ကြောင့် ရေကြီးမှု ကျရောက်ခဲ့သည်။

(ဈ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ဘုရား ဂေါပက အဖွဲ့
(၂) သာရေးနာရေး ကော်မတီ
(၃) ပရဟိတ အဖွဲ့
(၄) ကျောင်းအကျိုးတော်ဆောင်
(၅) လူငယ် ခေါင်းဆောင် အဖွဲ့
(၆) ဆည် ကော်မတီ

ကျေးရွာခေါင်းဆောင် အမည် ဦးကြည်မှုံ

လက်မှတ် နေ့စွဲ ၂၄.၁၂.၂၀၁၆

လူထုစည်းရုံးရေးမှူး အမည် ဒေါ်ပွင့်ဖြူသဉ္ဇာဝင်း

လက်မှတ် Nyatin နေ့စွဲ ၂၄.၁၂.၂၀၁၆

(၇) GAD မှတ်တမ်းတင်ထားမှုဖြစ်ပါသည်။

# ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ပွယ်နိုဥ္စ(ပင်[illegible] | | | |
| နေ့စွဲ ၂၄.၁၂.၂၀၁၆ | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ချင်းပြည် | မြို့နယ် ဒေါ်ဘင်ညီ | ကျေးရွာအုပ်စု ထီးခု | ကျေးရွာ ကြို့ပင်သာ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၄.၁၂.၂၀၁၆ | ၂၄.၁၂.၂၀၁၆ | ၃၁ | ၅၂ | ၈၃ | ၈၃ | မာ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်းအစည်းအဝေး | ၂၅.၁၂.၂၀၁၆ | ၂၅.၁၂.၂၀၁၆ | ၅၀ | ၃၅ | ၈၅ | ၈၅ | မာ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့်အစည်းအဝေး | ၁၈.၁.၂၀၁၇ | ၁၈.၁.၂၀၁၇ | ၂၃ | ၇ | ၃၀ | ၃၀ | မာ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှုအစည်းအဝေး | | | | | | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေးအကြောင်းကြားသည့် အစည်းအဝေး | | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ကိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | | | | | |
|---|---|---|---|---|---|---|---|
| *လမ်းညွှန်ချက်။* အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုဖြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | | | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဖေါ်နယ်ဦးသွင်းဝင်း | | | | | | | |
| နေ့စွဲ ၂၅.၁၂.၂၀၁၆ | | | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄) | | | |
| ပြည်နယ်/တိုင်း | မွန်ဖော | မြို့နယ် | သောင်ဦး | ကျေးရွာအုပ်စု | ထီးပူ | ကျေးရွာ | ကြို့ပင်သာ |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖေါ်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | သန့်ရှင်းသောရေမရှိခြင်း | ၁ | ရေသွယ်သုံးစွဲရန် သောက်ရေအခက်အခဲ |
| ၂ | အိမ်သာအသုံးပြုမှု ပညာပေးကျန်းမာရေး ... မှုမရှိခြင်း | ၂ | လျှပ်စစ်မီး အခက်အခဲ |
| ၃ | မိုးရေကိုသာ စိုက်ပျိုးရေး ... မရှိခြင်း | ၃ | ဆေးပေးခန်းမရှိ၍ ကျန်းမာရေးအခက်အခဲ |
| ၄ | လျှပ်စစ်မီးမရှိသောအခက်အခဲ | ၄ | ကျောင်းဆောင်ပျက်စီး၍ ကလေးများ ... အခက်အခဲ |
| ၅ | ကျေးလက်ဆေးပေးခန်းမရှိ၍ ကျန်းမာရေးအခက် | ၅ | မိုးတွင်း လမ်းပျက်၍ ... အခက်အခဲ |

၆ စာကြည့်တိုက်မရှိသော ... အခက်အခဲ

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | သန့်ရှင်းသော ရေ သောက်သုံးနိုင်ရန် | ၁ | ရေသွယ်၍ သောက်သုံးရေ လုံလောက်စွာရရန် |
| ၂ | လူထုအတွက် ကျန်းမာရေး ... နိုင်ရန် | ၂ | ... လျှပ်စစ်မီးရရန် |
| ၃ | လျှပ်စစ်မီး လင်းရန် | ၃ | ဆေးပေးခန်းရရန် |
| ၄ | ပညာရေးမြှင့်တင်ရန် ကျောင်းဆောက်ရန် | ၄ | ကလေးများ ... စာသင်နိုင်ရန် |
| ၅ | ကျန်းမာသန်စွမ်းသော ကလေးများ ... ရရန် | ၅ | ရေပိုက်လိုင်း နှင့် ရေနုတ်မြောင်းရရှိရန် |

**ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။**

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ ငွေ | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရေမြောင်းကျ | အမျိုးသား + အမျိုးသမီး | | ၅၄၈ |
| ၂ | ရေစင်နှင့် ရေပိုက်လိုင်း | 〃 | | ၅၄၈ |
| ၃ | ဆိုလာမီး လင်းရေး | 〃 | | ၅၄၈ |
| ၄ | စာသင်ကျောင်းဆောင်ပြုပြင် | 〃 | | ၅၄၈ |
| ၅ | | | | |

ယ။ လူထုစီမံကိန်း၏ လာမည့် (၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | | | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---ဦးရီ--- လက်မှတ် ------------ နေ့စွဲ ၂၅.၁၂.၂၀၁၆

## ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီ/ထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည်

နေ့စွဲ - 18. 1. 2017

စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄)

ပြည်နယ်/တိုင်း မန္တလေးတိုင်း | မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible]

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ်: စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ရင်းမြစ်) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | ၁၃၀'x၁၃၀'x၁၀' | ၃၂၇ | ☐ ကျား ☐ မ ☑ ကျား+ မ | ၉၈၅၀၀၀၀ | | ၁၅၀၀၀၀ | | ၁၀၀၀၀၀၀၀ |
| [illegible] | [illegible] | ၁၅၀'x၁၅၀'x၁၀' | ၅၆၅ | ☐ ကျား ☐ မ ☑ ကျား+ မ | ၁၀၈၅၀၀၀၀ | | ၁၅၀၀၀၀ | | ၁၁၀၀၀၀၀၀ |
| [illegible] | [illegible] | ၁၅၀'x၁၅၀'x၁၀' | ၄၆၁ | ☐ ကျား ☐ မ ☑ ကျား+ မ | ၁၂၈၀၀၀၀၀ | | ၂၀၀၀၀၀ | | ၁၃၀၀၀၀၀၀ |
| [illegible] | [illegible] | ၁၅၀'x၁၅၀'x၁၀' | ၂၅၀ | ☐ ကျား ☐ မ ☑ ကျား+ မ | ၁၂,၈၀၀,၀၀၀ | | ၂၀၀၀၀၀ | | ၁၃၀၀၀၀၀၀ |
| [illegible] | [illegible] | ၂၅'x၁၅'x၆' | ၁၁၄၄ | ☐ ကျား ☐ မ ☑ ကျား+ မ | ၁၁,၈၀၀,၀၀၀ | | ၂၀၀၀၀၀ | | ၁၂၀၀၀၀၀၀ |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ

အမည် ဦး[illegible] လက်မှတ် [signature] ရက်စွဲ 18. 1. 2017

## အစည်းအဝေး မှတ်တမ်း (ပထမရေး) (ဒုတိယမှတ်တမ်း)

**နေရာ** ။ ။ ဘုန်းကြီးကျောင်း

**အချိန်** ။ ။ နေ့လည် (၁:၀၀) နာရီ

**ရက်စွဲ** ။ ။ ၂၄. ၁၂. ၂၀၁၆

**ကျေးရွာ** ။ ။ ကြို့ပင်သာ

**ကျေးရွာအုပ်စု** ။ ။ ထီးပု

**အစီအစဉ် (၁)** ။ ။ လူထုစည်းရုံးရေးမှူး ဦးမြင့်ကြိုင်မှ အစည်းအဝေးဖွင့်လှစ်ကြောင်း ကြေညာခြင်း ။

**အစီအစဉ် (၂)** ။ ။ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကြည်မွန့် မှ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည် ။

**အစီအစဉ် (၃)** ။ ။ လူထုဗဟိုပြုစီမံကိန်း၏ ရည်ရွယ်ချက်နှင့် အစည်းအဝေးကျင်းပရခြင်း၏ ရည်ရွယ်ချက် လူထုဗဟိုပြုစီမံကိန်း၏ … အချက်များအား လူထုစည်းရုံးရေးမှူး ဒေါ်နှယ်နီဦးဝင်းမှ ရှင်းလင်း ပြောကြားခဲ့ပါသည် ။

**အစီအစဉ် (၄)** ။ ။ စီမံကိန်းကာလ နှင့် စီမံကိန်း၏ ရံပုံငွေ ထောက်ပံ့ပုံများ အကြောင်းကို လူထုစည်းရုံးရေးမှူး ဦးမြင့်ကြိုင်မှ ပြောကြားပေးခဲ့သည် ။

**အစီအစဉ် (၅)** ။ ။ ကျား ၊ မ ရေးရာ အခန်းကဏ္ဍ နှင့် ဝေဖန်အကြံပြုတိုင်ကြား ဖြေရှင်းရေး အခန်းကဏ္ဍ အား လူထုစည်းရုံးရေးမှူး ဒေါ်နှယ်နီဦးဝင်း မှ အသေးစိတ် ရှင်းလင်း ပြောကြားပေးခဲ့သည် ။

အစီအစဉ်(၆)။ ။ လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး အပိုင်း ၄ ဖြင့်

အကျုံးဝင်သောလုပ်ငန်း / အကျုံးမဝင်သောလုပ်ငန်းများကို လူထုစည်းရုံးရေးမှူး ဦးမြင့်ကြိုင်မှ ရှင်းလင်းပြောကြားခဲ့သည်။

အစီအစဉ်(၇)။ ။ အခွင့်အရေးနှင့်တာဝန်ဝတ္တရားများအကြောင်း၊ ဆောင်ရန် / ရှောင်ရန် အပိုင်းအား လူထုစည်းရုံးရေးမှူး ဒေါ်ငွယ်ညွန့်ဝင်းမှ ရှင်းလင်းပေးခဲ့သည်။

အစီအစဉ်(၈)။ ။ စေတနာ့ဝန်ထမ်း ရွေးချယ်ခြင်း အပိုင်းအား ကျေးရွာလူထု၏ သဘောဆန္ဒအရ အမျိုးသား ဦးမင်းအောင် နှင့် အမျိုးသမီး ဒေါ်ဘင်းရွှေ တို့ကို လူထုစည်းရုံးရေးမှူး ဦးမြင့်ကြိုင်မှ ဦးဆောင်၍ ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

အစီအစဉ်(၉)။ ။ ဒုတိယအကြိမ် ပထမနေ့ မိတ်ဆက်အစည်းအဝေး ပြီးဆုံးကြောင်း ပြောကြားပြီး မိတ်သိမ်းခဲ့ပါသည်။

မှတ်တမ်းရေးသူ

Nyantwin

ဒေါ်ငွယ်ညွန့်ဝင်း

(လူထုစည်းရုံးရေးမှူး)

## လူထုဗဟိုပြုစီမံကိန်း (ဒုတိယနေ့ ၊ ဒုတိယအကြိမ်တွေ့ဆုံ)

## ထီးပု အုပ်စု ၊ ကြို့ပင်သာ ကျေးရွာ

အစည်းအဝေးကို (၂၅.၁၂.၂၀၁၆) ရက်နေ့ နေ့လည် (၁:၃၀) နာရီမှ ညနေ (၅) နာရီထိ ကျင်းပပြုလုပ်ခဲ့သည်။ အစည်းအဝေးသို့ ကျေးရွာလူထု ကျား ( ) ၊ မ ( ) စုစုပေါင်း လူဦးရေ ( ) တက်ရောက်၍ လူထုစည်းရုံးရေးမှူးများနှင့် လက်ထောက်နည်းပညာမှူးများ တက်ရောက်ခဲ့ကြပါသည်။

စည်းရုံးရေးမှူးများမှာ - ဒေါ်နွယ်နီနီဝင်း (CF)

- ဦးမြင့်ကြိုင် (CF)
- ဦးဟိန်းဇော်မိုး (TF)
- ဒေါ်ဖြိုးဝေဝေအောင် (TF)

ထို့နောက် အစည်းအဝေးတွင် တက်ရောက်ခဲ့ကြသော လူထုစည်းရုံးရေးမှူးများနှင့် လက်ထောက်နည်းပညာမှူးတို့မှ လူထုဗဟိုပြုစီမံကိန်း အကြောင်းအား ပြန်လည်မိတ်ဆက်ခြင်း ၊ ပထမနေ့မှ အကြောင်းအရာများအား ပြန်လည်ဆွေးနွေးခြင်းနှင့် ရှင်းလင်းပြောကြားခြင်းများကို တစ်ဦးချင်းစီမှ ရှင်းလင်းပြောကြားခဲ့ကြပါသည်။ ကော်မတီများ ရွေးချယ်ရာတွင် မဲစနစ်ဖြင့် ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ကော်မတီ ဥက္ကဋ္ဌ (၂) ဦး ၊ ဝယ်ယူရေးဆပ်ကော်မတီ (၃) ဦး ၊ စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ (၃) ဦး ၊ လုပ်ငန်းလည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ (၃) ဦး ၊ ဝေဖန်အကြံပြုကိုယ်စားလှယ် (၂) ဦး နှင့် ကျေးရွာ ငွေစာရင်းကိုင် (၁) ဦး အား ရွေးချယ်ခဲ့ကြပါသည်။

ဆွေးနွေးချက်။ ။ ကော်မတီများကို ရွေးချယ်ပြီးနောက် ကျေးရွာလူထုအား ကျား (၁၁)ဖွဲ့ ၊ မ (၁၁)ဖွဲ့ ၊ ကျား/မ အရော အဖွဲ့များ ခွဲ၍ လူမှုဆိုင် စိန်ခြင်းများ ၊ အခက်အခဲ ၊ မျှော်မှန်းချက်များ ၊ ကျေးရွာ၏ ဆောင်ရွက်မည့် လုပ်ငန်းများကို ဆွေးနွေးပြီးနောက် ပြန်လည်တင်ပြကြပါသည်။ ဆွေးနွေးသည့် အဖွဲ့ငယ်များမှ ၎င်းတို့၏ မျှော်မှန်းချက်မှာ ကျေးရွာတွင် အမှန်တကယ်လိုအပ်နေသော လုပ်ငန်းများ ဖြစ်ကြောင်း ၊ ယခု ကြုံတွေ့နေရသော အခက်အခဲများကိုသာ ဖြေရှင်းနိုင်ပါက ဖွံ့ဖြိုး တိုးတက်သော ကျေးရွာ ဒေသ ဖြစ်မည်ဖြစ်ကြောင်းများ ဆွေးနွေးတင်ပြကြပါသည်။

ဆုံးဖြတ်ချက်များ။ ။ အဖွဲ့ငယ်များမှ ဆွေးနွေးတင်ပြလာသော အခက်အခဲများမှ ဆောင်ရွက်မည့် လုပ်ငန်းများမှာ -

(၁) ရေလှောင်ကန် တည်ဆောက်ခြင်း

(၂) ရေစင်နှင့် ရေပိုက်လိုင်း

(၃) ဆိုလာမီး လင်းရေး

(၄) စာသင်ကျောင်း ဆောင်ပြင်ဆင်ရေး ဟူ၍ တက်ရောက်လာသော ကျေးရွာလူထု ၊ ကော်မတီဝင်များမှ ဦးစားပေး လုပ်ငန်းများအား အတည်ပြု ဆုံးဖြတ်ခဲ့ကြပါသည်။

မှတ်တမ်းရေးသူ။

(signature)

ဒေါ်နွယ်နီထွေးဝင်း

(လူထုစည်းရုံးရေးမှူး)

ကဏ္ဍအလိုက် အခက်အခဲမှတ်တမ်း

ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ကြို၊ ပင်တဲကျေးရွာ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦး | ၁ | ရေမြောင်းကို ပြုပြင်ခြင်း | ကျား+မ | | ကျေးရွာလူထု | |
| | ၂ | ရေစုံကန်ဘောင်ဆောက်လုပ်ခြင်း | 〃 | | 〃 | |
| | ၃ | ရေပိုက်လိုင်းသွယ်တန်းခြင်း | 〃 | | 〃 | |
| | ၄ | | | | | |
| | ၅ | | | | | |
| အသက်မွေးဝမ်းကြောင်း/ စီးပွားရေး | ၁ | ပိုက်ပျိုးရေထည်းပညာ | ကျား+မ | | ကျေးရွာလူထု | |
| | ၂ | ဓာတ်မြေဩ၊ စိုက်ပြင်သင်တန်း | 〃 | | 〃 | |
| | ၃ | အိတ် ကွင်းလက်မှုသင်တန်း | 〃 | | 〃 | |
| | ၄ | ဗျူပ်စဖ် ဆပ်ပြာပညာသင်တန်း | 〃 | | 〃 | |
| | ၅ | စက်ပညာ သင်တန်း | 〃 | | 〃 | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| ပညာရေး | ၁ | | | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | စာသင်ကျောင်းဆောင်ပြုပြင်ခြင်း | ကျား+မ | | ကျေးရွာလူထု | |
| အခြား | ၁ | ဆိုလာမီး၊ လမ်း၊ ရေ | ကျား+မ | | ကျေးရွာလူထု | |
| | ၂ | | | | | |
| | ၃ | | | | | |